# COVID-19 ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်ခြင်း

COVID-19 ကပ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအတွက် ကပ်ဆိုက်သောကာလဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာ့စီးပွားရေးအပေါ် COVID-19 ၏ ထိခိုက်မှုသည် အဆမတန်မြင့်မားတိုးတက်လာ၍ စီးပွားရေးလုပ်ငန်းများအပေါ် ကာလတို၊ ကာလရှည် ရိုက်ခတ်မှုများ ဖြစ်ပွားနေသည်။ စီးပွားရေးလုပ်ငန်းများသည် ထိုအကျပ်အတည်းကာလကို လျော်ကန်စွာရင်ဆိုင်ရန်လိုအပ်သည်။ ကော်ပိုရိတ်ဖွဲ့စည်းပုံအတွင်းရှိ သက်ဆိုင်ရာအဆင့်အလိုက်တွင် ၎င်း၏ကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်ခြင်းနှင့် အကောင်းဆုံးအလေ့အကျင့်များကို လိုက်နာကျင့်သုံးရန် သေချာစေခြင်းအတွက် တာဝန်ရှိသည်။ ကုမ္ပဏီ၏ခေါင်းဆောင်မှုအပိုင်း တာဝန်ယူဆောင်ရွက်နေသည့် သင့်အား အထောက်အကူပြုနိုင်သည့် ကိစ္စအချို့ကို စဉ်းစားနိုင်ရန် ဖော်ပြအပ်ပါသည်။ မည်သည့် စီးပွားရေးလုပ်ငန်းအမျိုးအစားတွင်မဆို ယေဘုယျအားဖြင့် အသုံးပြုနိုင်သည့် လက်တွေ့ကျသည့် အကြံဉာဏ်များဖြစ်ပါသည်။ အချို့အကြံဉာဏ်များသည် သင့်စီးပွားရေးလုပ်ငန်း၏ သဘောသဘာဝ သို့မဟုတ် အရွယ်အစား၊ ရှယ်ယာပိုင်ဆိုင်မှုအလိုက်ဖွဲ့စည်းပါဝင်မှု သို့မဟုတ် အခြားအကြောင်းအရင်းများအရ မဆီလျော်ဘဲဖြစ်နိုင်သည်။ သို့ရာတွင် အောက်ပါတို့ကို အသုံးပြုနိုင်ခြင်း ရှိ၊ မရှိ ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

## ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ကတိကဝတ်

### ခေါင်းဆောင်မှုကိုသက်သေပြပြီး ကောင်းမွန်သောကော်ပိုရိတ်အလေ့အထများကို ထိန်းသိမ်းပါ

- **သင်သည် ခေါင်းဆောင်မှုကို သက်သေပြနေပါသလား - သင်၏ဝန်ထမ်းများနှင့် သင်၏ အဓိကပါတ်သက်ဆက်နွယ်သူများအား ရှင်းလင်းတိကျစွာ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နေပါသလား။**
- အထူးသဖြင့် - ဝန်ထမ်းများ၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသည် အရေးအကြီးဆုံးကိစ္စဖြစ်၍ သင်၏**ဝန်ထမ်းများနှင့်လုပ်ငန်း**အပေါ် **COVID-19** ၏ ထိခိုက်သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းသင့်သည်။
- **ဗိုင်းရပ်စ် ပြန့်ပွားမှု တားဆီးကာကွယ်ရန်အတွက် အများပြည်သူ ကျန်းမာရေးဆိုင်ရာ ဒေသန္တရလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်မည့် သင်၏ကတိကဝတ်ကို ရှင်းလင်းစွာ အသိပေးထားပြီးပြီလား။**
- **သင်၏ စီးပွားရေးလုပ်ငန်း ဆက်လက်ရှင်သန်ရေးစီမံချက် (Business Continuity Plan - BCP) ကို စစ်ဆေး/သုံးသပ်၍ လိုအပ်လျှင် ထပ်မံ၍ မွမ်းမံပြင်ဆင်ထားပါသလား။** သို့မှသာ လက်ရှိအခြေအနေများနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ ချိန်ဆနိုင်မည်ဖြစ်သည်။ ထိုသို့မပြုလုပ်ရသေးလျှင် သင်၏ စီးပွားရေးလုပ်ငန်း ဆက်လက်ရှင်သန်ရေးအစီအစဉ် **(BCP)** ကို ချက်ချင်း မွမ်းမံပြင်ဆင်ရန် စဉ်းစားပါ။
- **စီးပွားရေးလုပ်ငန်း ဆက်လက်ရှင်သန်ရေးအစီအစဉ် (BCP) ဆိုင်ရာမူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများ လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရန် လိုက်နာဆောင်ရွက်မှုတိုင်းတာသည့် လုပ်ငန်းကို သင်ဆောင်ရွက် နေပါသလား။** ထိုသို့ဆောင်ရွက်နေသူများသည် တကယ့်အချိန်ရောက်လျှင် ကိစ္စရပ်များကို အရှိန်မြင့် လုပ်ဆောင်ရန်နှင့် ဘုတ်အဖွဲ့သို့ တိုက်ရိုက်တင်ပြလမ်းညွှန်မှုခံယူရန် သိရှိထားကြောင်း သေချာပါစေ။

## ဒါရိုက်တာဘုတ်အဖွဲ့

### အကျပ်အတည်းကာလစီမံခန့်ခွဲမှုကို ကြီးကြပ်ကွပ်ကဲခြင်း

- **သင်သည် အရေးပေါ် သို့မဟုတ် အလျဉ်းသင့်သလို ဘုတ်အဖွဲ့အစည်းအဝေးများ ကျင်းပနေပါသလား။** ဤအကျပ်အတည်းကာလတွင် အရေးတကြီး ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ခိုင်မာသော ခေါင်းဆောင်မှုနှင့် ကြီးကြပ်မှုဆိုင်ရာ သတင်းအချက်အလက်များအား ပေးပို့ရန်အတွက် အစည်းအဝေးများကိုပြုလုပ်၍ ကုမ္ပဏီ၏ဘုတ်အဖွဲ့ဝင်များနှင့် အကြီးတန်းအမှုဆောင်များမှ ၎င်းတို့ မည်သို့အကောင်းဆုံးလုပ်ဆောင်မည့်အပေါ်တွင် ကတိကဝတ်ထားခြင်းကို ဖော်ဆောင်ခြင်း။

International Finance Corporation
WORLD BANK GROUP
*Creating Markets, Creating Opportunities*

- **COVID-19 အတွက်အထူးဖွဲ့စည်းထားသော ကော်မတီတစ်ရပ် သို့မဟုတ် အကျပ်အတည်းကာလဆိုင်ရာကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားပါသလား သို့မဟုတ် အကျပ်အတည်းကာလထိခိုက်မှုများကို ကြီးကြပ်ကွပ်ကဲရန် ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီအား တာဝန်ပေးထားပါသလား။** ထိုကော်မတီတွင် အကြီးတန်းစီမံခန့်ခွဲမှုဆိုင်ရာ၊ လူစွမ်းအားအရင်း အမြစ်စီမံခန့်ခွဲရေးဆိုင်ရာ၊ လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ၊ သတင်းအချက်အလက်နည်းပညာ (**IT**) ဆိုင်ရာ စသည်တို့ကို ကော်မတီအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက် ရန် စဉ်းစားထား ပါသလား။
- **ဘုတ်အဖွဲ့သည် စီးပွားရေးလုပ်ငန်း ဆက်လက်ရှင်သန်ရေးအစီအစဉ်(BCP)ကို ကြီးကြပ်ကွပ်ကဲရန်နှင့် အကျပ်အတည်းကာလတလျှောက် ကုမ္ပဏီကို ဦးဆောင်ရန် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများ ရှိ၊ မရှိ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှုတစ်ရပ် ပြုလုပ်နေပါသလား။** အကယ်၍ စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများ မရှိဟု အဖြေထွက်လျှင် ကာလတိုအတွက် ပြင်ပကျွမ်းကျင်သူများ၏ အကူအညီရယူ၍ ကာလရှည်အတွက် ဘုတ်အဖွဲ့ကို ပြန်လည် ဖွဲ့စည်းရန် စဉ်းစားပါ။
- **ကုမ္ပဏီတွင် အရေးပေါ် ရာထူးဆက်ခံမှုအစီအစဉ်တစ်ရပ် ရှိပါသလား။** ထိုအစီအစဉ်သည် အသက်ဝင်လှုပ်ရှားရန် အဆင်သင့်ရှိပြီလား။ အဖွဲ့အစည်းအတွင်း အရေးပါသော ပုဂ္ဂိုလ်များ၏ နေရာများအတွက် ရာထူးဆက်ခံနိုင်မည့်သူများကို အသင့်ရှိနိုင်အောင် အစီအစဉ် ရေးဆွဲထားပါ။

> *“ အကျပ်အတည်းကာလတွင် ထိုးနှက်ခံရသည့်အခါ၊ ကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုရှိနေခြင်းကြောင့် အကျပ်အတည်းဖြေရှင်းနည်းကို ထိထိရောက်ရောက် စီမံရေးဆွဲနိုင်ကာ သက်ဆိုင်ရာအခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ရှင်းရှင်းလင်းလင်းသတ်မှတ်ခွဲဝေပေးနိုင်၍ ထိရောက်သော ဆက်သွယ်ဆောင်ရွက်မှု ဗျူဟာတစ်ရပ်ကို ကုမ္ပဏီများမှ ချမှတ်ဆောင်ရွက်နိုင်ရန်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုလုပ်ဆောင်ချက်များသည် ကုမ္ပဏီများအနေနှင့် မြန်မြန်ဆန်ဆန် ပြန်လည်ထူထောင်နိုင်၍ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီး မှု အနည်းဆုံးဖြစ်စေရန် အထောက်အကူ ပြုသည်။” – Navigating Through Crisis: A Handbook for Boards*

## စီမံခန့်ခွဲမှုဆိုင်ရာ

- **ဖြစ်နိုင်ခြေရှိသည့်ပုံစံအမျိုးမျိုးအလိုက် အကျပ်အတည်းကာလထိခိုက်မှုများကို ဖော်ထုတ်နိုင်ရန် အသေးစိတ်အစီအစဉ်တစ်ရပ် ရေးဆွဲနိုင်ရေးအတွက် အကျပ်အတည်းကာလစီမံခန့်ခွဲမှုအဖွဲ့တစ်ဖွဲ့ ထူထောင်ထားပါသလား။** ထိုအစီအစဉ်သည် အကျပ်အတည်း၏ ပြင်းထန်မှုနှင့် ဖြစ်ပေါ်သည့်ကာလနှင့် ငွေဖြစ်လွယ်မှု၊ ရန်ပုံငွေအထောက်အပံ့များ၊ အရေးပါသောစီးပွားရေးလုပ်ငန်းများနှင့် ပစ္စည်း/ဝန်ဆောင်မှုပေးသွင်းမှု ကွင်းဆက်များအပေါ်တွင် အလားအလာရှိသော အကျိုးသက်ရောက်နိုင်ခြေများ စသည်တို့နှင့် ဆက်နွယ်၍ ရေးဆွဲသင့်သည်။
- **အကျပ်အတည်းကာလစီမံခန့်ခွဲမှုအဖွဲ့နှင့် အကျပ်အတည်းကာလဘုတ်အဖွဲ့ကော်မတီတို့အကြား အခါအားလျော်စွာ ဆက်သွယ်ပြောဆိုဆွေးနွေးမှုများ ပြုလုပ်ရန် သတ်မှတ်ထားပါသလား။**
- **လုပ်သားအင်အားအပေါ် ထိခိုက်မှုများကို ဘုတ်အဖွဲ့သို့ မည်သို့ အစီရင်ခံ တင်ပြသနည်း။**
- မတူညီသည့် နေရာဒေသအသီးသီးမှ ဆက်သွယ်အလုပ်လုပ်ကိုင်ကြမည့် အဖွဲ့များဖွဲ့စည်းနိုင်ခြေအလားအလာအပါအဝင် **အကျပ်အတည်းကာလတွင် မည်သူက အရေးပါ၍ “အကျပ်အတည်းကာလအတွင်း အသုံးပြုရမည့် မည်သည့်ကျွမ်းကျင်မှုများ” ရှိရန် လိုအပ်သည်ကို သင်စဉ်းစားဆုံးဖြတ်ထား ပါသလား။**
- **ငွေဖြစ်လွယ်မှုစီမံခန့်ခွဲရေးအဖွဲ့တစ်ရပ်ဖွဲ့စည်းရန် လိုအပ်ပါသလား။** အကျပ်အတည်းကာလ စီမံခန့်ခွဲရေးအဖွဲ့မှ လုပ်ဆောင်ရမည့်အတိုင်းအတာတွင် ငွေဖြစ်လွယ်မှု ကိစ္စကိုပါ ထည့်သွင်းပါဝင်စဉ်းစားပါ။

---

## စီမံခန့်ခွဲမှု ထိန်းချုပ်ရေးဝန်းကျင်

(ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်၊ ဌာနတွင်း စာရင်းစစ်ခြင်းလုပ်ငန်းရပ်၊ ထိခိုက်ဆုံးရှုံးနိုင်ခြေ၊ စီမံအုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်မှု)

### အကျပ်အတည်းအတွက် ကြိုတင်ပြင်ဆင်ထားခြင်း နှင့် ခိုင်မာသည့် ဖြေရှင်းမှုပုံစံများကို သေချာစေခြင်း

**အရေးပါသော ထိန်းချုပ်ကွပ်ကဲမှု လုပ်ငန်းရပ်များသည် ကောင်းစွာမှန်စွာလုပ်ဆောင်နေပါသလား။** အောက်ပါတို့ကို ထည့်သွင်းစဉ်းစားပါ -

- **ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှု။** စီးပွားရေးလုပ်ငန်း ဆက်လက်ရှင်သန်ရေးအစီအစဉ် (**BCP**)၏ မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ၊ တယ်လီဖုန်း ဆက်သွယ်ရေး နှင့်ဆိုင်သည့် သတင်းအချက်အလက်နည်းပညာ ထိန်းချုပ်ကွပ်ကဲမှုများ၊ လုပ်ငန်းခွင်ဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေး၊ အစားအစာများဘေးကင်းစိတ်ချရခြင်း စသည်တို့ကို ပြည့်စုံလုံလောက်စွာ ချမှတ်ထားခြင်း။ ဆိုက်ဘာ/သတင်းအချက်အလက် နည်းပညာကိစ္စများကို သတိမူမိပါစေ။ အကျပ်အတည်း ကာလတွင် ထိုအင်အားနည်းထိခိုက်လွယ်သော ကိစ္စများ သည် ပိုမို ဆိုးရွားလာနိုင်သည်။
- **လိုက်နာဆောင်ရွက်မှု။** သက်ဆိုင်ရာထိန်းချုပ်ကွပ်ကဲမှုများ၊ ယင်းတို့တွင် စီးပွားရေးလုပ်ငန်းဆက်လက်ရှင်သန်ရေးစီမံချက်(**BCP**)၊ သတင်းအချက်အလက်နည်းပညာ၊ ဘေးအန္တရာယ်ကင်းရှင်းရေး စသည်တို့ ပါဝင်သည့်အပြင် ပြည့်စုံလုံလောက်သော လိုက်နာဆောင်ရွက်မှုရှိခြင်း။
- **ဌာနတွင်းစာရင်းစစ်မှု။** စာရင်းစစ်ဆေးမှုလုပ်ငန်းစီမံချက် နှင့် အစီရင်ခံတင်ပြခြင်းကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အခြားဆောင်ရွက်နိုင်သော လုပ်ထုံးလုပ်နည်းများနှင့် ပတ်သတ်သည့် စွမ်းဆောင်ရည်၊ စီးပွားရေးလုပ်ငန်း ဆက်လက်ရှင်သန်ရေးစီမံချက်(**BCP**)၏ ပြည့်စုံလုံလောက်မှုကို ဆန်းစစ်ခြင်း၊ သက်ဆိုင်ရာထိန်းချုပ်ကွပ်ကဲမှုများနှင့် ပြုပြင်တည့်မတ်ရန် အရေးယူဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် လစ်ဟာချက်၊ အားနည်းချက်များအပေါ် အကြံပေးခြင်း။

- **ထိခိုက်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု။** ထိခိုက်ဆုံးရှုံးနိုင်ခြေဆန်းစစ်ခြင်းများ၊ ရုတ်တရက်ဖြစ်ပေါ်လာနိုင်သော ထိခိုက်ဆုံးရှုံးနိုင်ခြေများနှင့် ကာလရှည် ဂယက်ရိုက်ခတ်မှုများ လျှော့ချရေး အစီအမံများ။

**အထက်ပါတို့ကို မကြာသေးမီက စစ်ဆေးမှုပြုလုပ်မထားရသေးလျှင် သို့မဟုတ် ထိုသို့ ဆောင်ရွက်ထားကြောင်း သင်မသေချာလျှင် အထက်ဖော်ပြပါ ထိန်းချုပ်ကွပ်ကဲမှုအစီအမံများကို ဆောင်ရွက်ရန်စဉ်းစားပါ။** မကြာသေးမီက စစ်ဆေးထားပြီးဖြစ်လျှင် ထိုအစီအမံများအကောင်အထည်ဖော်မှုကို ပုံမှန်အစီရင်ခံစာများတင်ပြစေခြင်းနှင့် လိုအပ်သည့် ချိန်ညှိပြင်ဆင်မှု များပြုလုပ်ခြင်း အားဖြင့် ဆက်လက် စောင့်ကြည့်လေ့လာပါ။

## ထုတ်ပြန်အသိပေးမှု နှင့် ပွင့်လင်းမြင်သာမှု

### ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ခြင်း

- **သင်သည် ရင်းနှီးမြှုပ်နှံသူများနှင့် အရေးပါသော ပတ်သက်ဆက်နွယ်သူများအားလုံးအား စီးပွားရေးလုပ်ငန်းအပေါ် COVID-19 က မည်သို့ ထိခိုက်နေကြောင်းကို ချက်ချင်း နှင့် ပုံမှန် ဆက်သွယ်အသိပေးမျှဝေခြင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်နေပါသလား။** ပတ်သက်ဆက်နွယ်သူများတွင် ဝန်ထမ်းများ၊ သင်နှင့် လုပ်ငန်းဆောင်ရွက်သည့် ဖောက်သည်များ၊ ပစ္စည်းပေးသွင်းသူများ၊ ဒေသခံလူထုနှင့် ဒေသန္တရအစိုးရတို့ ပါဝင်ပါသည်။
- ရှယ်ယာပိုင်ရှင်အမျိုးမျိုးနှင့် ပတ်သက်ဆက်နွယ်သူများအလိုက် **COVID-19 နှင့် ဆိုင်သည့် အစီအမံများနှင့် လက်တွေ့လုပ်ဆောင်မှုများကို သင်၏ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားပါသလား။**
- သင်၏စီးပွားရေးလုပ်ငန်း/ကုမ္ပဏီ၏ ဝင်ငွေများနှင့် အနာဂတ်အလားအလာများအပေါ် ထိခိုက်နိုင်ခြေရှိသည့် **ကြီးမားသောအပြောင်းအလဲများကို ထုတ်ပြန်အသိပေးရန် သတ်မှတ်ချက်များကို သင်ထည့်သွင်းစဉ်းစားထားပါသလား။**
- **စီမံခန့်ခွဲမှုအဖွဲ့သည်** လုပ်သားများ/ဝန်ထမ်းများ ဖျားနာလျှင် အိမ်တွင်နေရန် သို့မဟုတ် သက်ဆိုင်ရာအချိန်အတိုင်းအတာတစ်ခုအထိ အလုပ်သို့မလာရန် ပြောကြားထားသော **ကုမ္ပဏီအတွင်း ဆက်သွယ်ဆောင်ရွက်သည့် လှုပ်ရှားမှုတစ်ရပ် စတင်ထူထောင်ပြီး လုပ်ဆောင်ထားပါသလား။**

**မမေ့ရန်မှာ** - ရင်းနှီးမြှုပ်နှံသူများနှင့် ပတ်သက်ဆက်နွယ်သူများအား စဉ်ဆက်မပြတ်ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပွင့်လင်းစွာဆက်ဆံခြင်းတို့ကို မှတ်တမ်းတင်ထားခြင်းသည် ရင်းနှီးကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်နိုင်သည်ဟူသည့် အချက်ဖြစ်သည်။

## ရှယ်ယာပိုင်ရှင်၏ အခွင့်အရေးများ

### ရှယ်ယာပိုင်ရှင်များနှင့် တွေ့ဆုံစည်းဝေးမှုကို လူချင်းတိုက်ရိုက်တွေ့ဆုံ၍ မလုပ်နိုင်ချိန်တွင် ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်ဆံရေးများ ဆက်လက်ထိန်းသိမ်းထားခြင်း

- **အချို့ရင်းနှီးမြှုပ်နှံသူများက နည်းပညာအကူအညီဖြင့် အဝေးမှအစည်းအဝေးထိုင်ခြင်းများကို ကန့်ကွက်ခြင်းနှင့် အချို့သောအခြေအနေများတွင် ထိုအစည်းအဝေးများ ပြုလုပ်ခွင့်မရှိခြင်းတို့ကြောင့်** COVID-19 အကျပ်အတည်းကာလတွင် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတစ်ရပ်ကို အချိန်နှင့်တစ်ပြေးညီ ခေါ်ယူကျင်းပရန်မှာ အလွန်စိန်ခေါ်မှုရှိသည့် ကိစ္စတစ်ရပ်ဖြစ်သည်။
- ဥပဒေသတ်မှတ်ချက်များနှင့် ကန့်သတ်ချက်များ၊ ဥပမာ - ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများ နှင့် ရရှိနိုင်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးနိုင်မှုများ တို့ကို ထည့်သွင်းစဉ်းစား၍ **နှစ်ပတ်လည် အထွေထွေအစည်းအဝေးတစ်ရပ်ကို နည်းပညာအကူအညီဖြင့် အစည်းအဝေးပြုလုပ်ရန်အတွက် စီစဉ်ကျင်းပရန် ကုမ္ပဏီ၏အတွင်းရေးမှူးက ချင့်ချိန်စဉ်းစားထားခြင်း ရှိ၊ မရှိ မေးမြန်းပါ။**

## ကုမ္ပဏီ၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို အထောက်အကူပြုခြင်း

- ကုမ္ပဏီ၏ လုပ်ဆောင်ချက်များ၊ တုံ့ပြန်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ **ကုမ္ပဏီ၏ အရေးပါသော ပတ်သက်ဆက်နွှယ်သူများထံသို့ အရေးကြီးသော သတင်းစကားများ ကို ဆက်သွယ်ပေးပို့နေပါသလား။** အထူးသဖြင့် ထိုဆက်သွယ်ပေးပို့မှုတွင် ကုမ္ပဏီ၏ ဝန်ထမ်းများ၊ ကုမ္ပဏီ၏ ထောက်ပံ့ဝန်ဆောင်မှုများ ရရှိနေသူများ၊ ပစ္စည်း/ဝန်ဆောင်မှု ပေးသွင်းသူများ၊ ဒေသခံလူထုနှင့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ ပါဝင်သင့်သည်။
- ဗိုင်းရပ်စ်မပျံ့နှံ့ရေး တားဆီးကာကွယ်မှုနှင့်စပ်လျဉ်း၍ ဝန်ထမ်းများ၊ ကုန်စည်/ဝန်ဆောင်မှုပေးသွင်းသူများနှင့် ကုမ္ပဏီ၏ ထောက်ပံ့ဝန်ဆောင်မှုများကို ရယူထားသူများ၏ စိုးရိမ်ပူပန်မှုများကို တင်ပြရန် **လျှို့ဝှက်စွာ သတင်းပေးပို့နိုင်သော လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ထားပါသလား။**

---

**သတင်းအရင်းအမြစ်များ။** Oesterreichische Entwicklungsbank (OeEB) ဘဏ်၏ ငွေကြေးပံ့ပိုးမှုဖြင့် **IFC** ၏ အကျပ်အတည်း ဖြေရှင်းရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် *Navigating Through Crises: A Handbook for Boards* (2010) လက်စွဲစာအုပ်ကို ရေးသားပြုစုထုတ်ဝေခဲ့သည်။ https://www.ifc.org/wps/wcm/connect/region__ext_content/ifc_external_corporate_site/east+asia+and+the+pacific/resources/navigating+through+crises+-+a+handbook+for+boards

*© ၂၀၂၀ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း။ ပိုင်ဆိုင်ခွင့်အပြည့်ရှိ။*

*ဖြန့်ဝေခြင်း။ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် ၎င်း၏ရေးသားဖော်ပြမှုများ ဖြန့်ဝေခြင်းကို အားပေး၍ စာဖတ်သူများသည် IFC ၏ ရေးသားဖော်ပြမှုများအပေါ် သင့်လျော်သောလေးစားမှုဖော်ပြ၍ မသက်ဆိုင်ကြောင်း ရှင်းလင်းချက်ပါ ထည့်သွင်းဖော်ပြလျှင် ထိုစာရွက်စာတမ်းများကို ပညာရေးဆိုင်ရာနှင့် စီးပွားရေးမဆန်သောရည်ရွယ်ချက်များအတွက် မူပွားကူးယူခြင်းနှင့် ဖြန့်ဝေခြင်း ပြုလုပ်နိုင်ပါသည်။*

*မသက်ဆိုင်ကြောင်းရှင်းလင်းချက်။ ယုံကြည်စိတ်ချနိုင်မှုရှိနိုင်သည်ဆိုသော်လည်း IFC သည် ဤအကြံပြုစာတမ်းတွင် ပါဝင်သော အကြောင်းအရာများ၊ သို့မဟုတ် ဤစာအုပ်တွင် ဖော်ပြထားသော ကောက်ချက်ချမှုများ သို့မဟုတ် ထင်မြင်ချက်များ၏ တိကျမှု၊ ခိုင်လုံမှု သို့မဟုတ် ပြည့်စုံမှုတို့ကို အာမမခံပေ။ ထို့ပြင် ပါဝင်သည့်အကြောင်းအရာများတွင် ထိန်ချန်ခြင်း သို့မဟုတ် (ကန့်သတ်မှုမရှိခြင်း၊ စာစီစာရိုက်အမှားများနှင့် ပညာရပ်ဆိုင်ရာအမှားများ အပါအဝင်) မှားယွင်းမှုများ သို့မဟုတ် ခိုင်မာမှုများအတွက် တာဝန်ယူခြင်း သို့မဟုတ် ဥပဒေအရ တာဝန်ခံခြင်းတို့ မရှိပါ။ ဤစာတမ်းတွင် ဖော်ပြထားသည့် သတင်းအချက်အလက်များအား သင် သို့မဟုတ် အခြားအသုံးပြုသူတစ်ဦးက ကိုးကားခြင်းသည် သင်တို့၏ ကိုယ်ပိုင်စွန့်စားမှုအပေါ်သာ မူတည်သည်။*

*IFC အကြောင်း နှင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ (ESG) အလေ့အကျင့်များ တိုးတက်ရေးအတွက် လုပ်ဆောင်မှုများကို ပိုမိုလေ့လာသိရှိနိုင်ရန်အတွက် ဤတွင်လေ့လာရန် - ifc.org/sustainability*
*2121 Pennsylvania Avenue, N.W.*
*Washington D.C., 20433 USA*
*Internet: www.ifc.org*

International Finance Corporation
WORLD BANK GROUP
*Creating Markets, Creating Opportunities*